## မည်ကဲ့သို့ QPASTT ကို လွှဲပို့ ပေးနိုင် မည်နည်း။

လူကြီးများ ၊ ကလေးများ ၊ လူငယ်များ ၊ စုံတွဲများ ၊ မိသားစုများ နှင့် အုပ်စုများ သည် မိမိကိုယ်တိုင် သို့မဟုတ် တစ်ဦးတစ်ယောက်မှ တဆင့် QPASTT သို့ လွှဲပို့ပေးနိုင်သည်။ လွှဲပို့ပေးမည့် အသက် ၁၈ နှစ် အောက် လူများ အတွက် သူ သည် ခွင့်ပြုချက် ကို ရယူထားရမည် ၄င်းပြင် အသက် ၁၈ နှစ် အောက် လူများ အတွက် မိဘ သဘောတူခွင့် ပြုချက် ရယူထား သူ ဖြစ် ရမည် ။

အကယ်၍ ကလေးတစ်ဦး (၁၂ နှစ်အရွယ်အထိ) အား ရည်ညွှန်းလွှဲပို့ပေး လိုက်လျှင် ၊ ကလေး၏ မိဘ သို့မဟုတ် အုပ်ထိန်းသူ အား လက်ခံရေးအစည်းအဝေး တွင် ပါဝင် တက်ရောက်ရန် မေးမြန်းပါလိမ့်မည်။

လွှဲပို့မှုများအားလုံး ကို QPASTT ရုံးချုပ် မှ တဆင့် စီမံဆောင်ရွက် သည်။ ဤကိစ္စ တွင် ရပ်ဝေးဒေသ နှင့် နယ် စွန် နယ် ဖျားဒေသများမှာရှိသော ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများ လည် း ပါဝင်ပါသည်။

ရည်ညွှန်းလွှဲပို့မည့် ပုံစံများ ကို ကျွန်ုပ်တို့၏ ကွန်ရက် www.qpastt.org.au သို့မဟုတ် QPASTT ကို ဆက်သွယ်ခြင်း ဖြင့် ရရှိနိုင်ပါသည်။


လိပ်စာ -

**28 Dibley Street**
**Woolloongabba QLD 4102**

စာတိုက်လိပ်စာ -

**PO Box 6254, Fairfield, QLD 4103**

ဖုံး - (၀၇) ၃၃၉၁ ၆၆ရရ
ဖက်စ်- (၀၇) ၃၃၉၁ ၆၃၈၈

**www.qpastt.org.au**

**Email: admin@qpastt.org.au**


## မည် ကဲ့သို့ QPASTT ကို ကျွန်ုပ်ရှာတွေ့ နို င် မည် နည် း

Brisbane, Logan, Gold Coast, South East, Central, North နှင့် Far North Queensland တို့တွင် QPASTT ၏ ဝန် ဆောင် မှုများကိုတွေ့ရှိနိုင် သည်။

QPASTT ၏ ရုံးချုပ် တည်နေရာ မှာ အမှတ် 28 Dibley St, Woolloongabba ရှိ **Brisbane Multicultural Centre** တွင် ဖြစ်ပါသည်။ ရုံးသည် Brisbane ၏ တောင်ဖက်အခြမ်း တွင် ရှိပြီး ၊ Ipswich လမ်း နှင့် နီးကပ်ကာ ၊ အောက်ပါတို့ နှင့် လမ်းလျှောက်မည့် အကွာအဝေး အတွင်း ရှိပါသည်-

**မီးရထား -** Park Road ရထားဘူတာတွင် ဆင် းပြီး မီတာ ၅၀၀ လမ် းလျှောက် ရမည် ။

**ဘတ်စ်ကား -** PA Hospital ဘတ်စ်ကား ဂိတ် တွင် ဆင် းပြီး လမ် းလျှောက် ရမည် ။

QPASTT မည် သို့လာရမည် ကိုထပ် သိချင် လျှင် ၁၃၁၂၃၀ ကို ဖုံးဆက် ၍ Transinfo ကိုမေးမြန် းနိုင် ပါသည် ။

**နယ်စွန်ဒေသ** နှင့် ကျေးလက် ဒေသများတွင် ရှိသော QPASTT ရုံးနေရာများကို သိချင် လျှင် **ကျေးဇူးပြု၍ ဖုံးနံပါတ် (၀၇) ၃၃၉၁ ၆၆ရရ အား ဆက်သွယ်ပါ။**




Burmese

# QPASTT

ညှင်းပန်းနှိပ်စက်မှု နှင့် စိ တ် ဒဏ် ရာရမှုများ မှ လွတ်မြောက်လာသူများ ကို ကူညီထောက်ပံ့ပေးနေသောကွင်းစ်လန်အဖွဲ့ မှအစီအစဉ်

**QPASTT သည်**

**Forum of Australian Services for Survivors of Torture & Trauma (FASSTT) ၏ Queensland အဖွဲ့ဝင် တစ်ခု ဖြစ်ပါသည်။**

ရုံးချုပ် -

**Brisbane Multicultural Centre**
**28 Dibley Street**
**Woolloongabba, Brisbane, QLD 4102**

# ညှင်းပန်းနှိပ်စက်မှု နှင့် စိတ်ဒဏ်ရာခံရမှုများမှ လွတ်မြောက်လာသူများ ကို ကူညီထောက်ပံ့ပေးနေသော ကွင်းစ်လန်အဖွဲ့ မှအစီအစဉ်

## QPASTT သည် ဘယ် အရာတွေကို လုပ် ပေးပါသလဲ။

QPASTT သည် အသိုင်းအဝိုင်းကို အခြေခံသည့် ဝန်ဆောင်မှုတစ်ခု ဖြစ်ပြီး၊ ညှင်းပန်းနှိပ်စက်မှုနှင့်စိတ်ဒဏ်ရာခံရမှုမှ လွတ်မြောက်လာသူ ဒုက္ခသည်တို့တွင် ရှိနိုင်သည့် ကိုယ်ပိုင်းဆိုင်ရာ ၊ စိတ်ပိုင်းဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များ ကို အလိုက် သင့် ယဉ်ကျေးမှုအရလိုက်ဖက်သည့်ဝန်ဆောင်မှုများကို ကူညီထောက် ပံ့ပေးပါသည်။

## QPASTT သည် မည်သူ့အတွက် ဖြစ်ပါသလဲ။

QPASTT သည် -

- ညှင်းပန်းနှိပ်စက်မှု ကို ခံခဲ့ရသူများ ၊
- မိမိတို့ နှင့် နီးစပ်သည့် သူ အား ညှင်းပန်းနှိပ်စက်ခြင်း ကို မြင်တွေ့ခဲ့ရသူများ သို့မဟုတ် တွေ့ကြုံ ခံစားခဲ့ရသူများ ၊
- မိမိတို့၏ နေအိမ် နှင့် နိုင်ငံ မှ ထွက်ပြေးနေစဉ် ကာလအတွင်း စိတ်ဒဏ်ရာ ခံစားခဲ့ရသူများ
- နိုင်ငံရေးဆိုင်ရာ ၊ လူမျိုးရေးဆိုင်ရာ သို့မဟုတ် ဘာသာရေးအုပ်စု ၏ အဖွဲ့ဝင် ဖြစ်ခြင်းကြောင့် အ နိုင် ကျင့် နှိပ် စက် ခံ ခဲ့ရသူများ သို့မဟုတ်
- စစ်ဘက် ၊ နိုင်ငံရေးဆိုင်ရာ အုံကြွမှု နှင့် အသက် အန္တရယ် အ တွက် ကြောက်ရွံ့မှု ကို ကြုံတွေ့ခဲ့ရသူများ အား ကူညီ ထောက်ပံ့ ပေးပါသည်။

## ဝန်ဆောင်မှု ကဏ္ဍ

*QPASTT* သည် ပြည်နယ် တဝိုက် ဝန်ဆောင်မှု ဖြစ်ပြီး ၊ မြို့ပြဒေသ နှင့် ကျေးလက် ဒေသများ တွင် ဝန်ဆောင်မှု ဌာန အများအပြား ရှိပါသည်။ အရှေ့တောင် ကွင်းစ်လန် ရှိ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများ က နယ် စွန် ထောက် ပံ့ကူညီမှုကိုနေရာ အမျိုးမျိုး တွင် ဆောင် ရွက် ပေးနေပါသည် ။ ကျွန်ုပ် တို့သည် တိုက်ရိုက် ဝန်ဆောင်မှုများ ကို ကွင်းစ်လန် ၏ အတွင်းပိုင်း ၊ မြောက်ပိုင်း နှင့် မြောက်ပိုင်းလွန် ဒေသ တို့တွင် ဆောင် ရွက် ပေး နေ ပါသည်။

## QPASTT သည် မည်သည့် ဝန်ဆောင်မှုများ ကို ဆောင် ရွက် ပေး သနည်း။

- **ညှင်းပန်းနှိပ်စက်မှု နှင့် စိတ်ဒဏ် ရာခံရ မှု ဆိုင်ရာ ဆွေးနွေး အကြံပေး ခြင်း** ကို ဒုက္ခသည် အဖြစ် ခိုလှုံခွင့် လျှောက်ထားသူများ အပါအဝင် ၊ ညှင်းပန်းနှိပ်စက်မှု နှင့် စိတ်ဒဏ် ရာခံရမှု မှ လွတ်မြောက်လာသူများ အတွက် ဖြစ်ပါသည်။
- **ကလေးများ နှင့် လူငယ် များ ကိုဆွေးနွေးအကြံပေး ခြင်း** သည် ညှင်းပန်းနှိပ်စက်မှု နှင့်စိတ်ဒဏ် ရာခံရမှုရ ရှိ သော အသက် ၄–၂၄ နှစ် အရွယ် ကလေးများ နှင့် လူငယ်များ အတွက် ဖြစ်ပါသည်။
- **လေ့ကျင့်ရေး နှင့် အထူးကျွမ်းကျင်သူ ဖွံ့ဖြိုးရေး** ကို ညှင်းပန်းနှိပ် စက်မှု နှင့် စိတ်ဒဏ်သင့်မှု မှ လွတ်မြောက်လာသူများ အတွက် လုပ်ကိုင်လျက် ရှိသော ကျန်းမာရေး ဝန် ထမ်းများ အတွက် ဖြစ်ပါသည်။

*အောက်ပါဝန်ဆောင်မှုများ ကို ဝန်ဆောင်မှု ဖြန့်ဖြူးသည့် တချို့ နေရာများ တွင် မရရှိနိုင်ပါ။*

**လူငယ် အစီအစဉ်** သည် အသက် ၁၂–၂၄ နှစ် အရွယ် လူငယ်များ အတွက် ဖြစ်ပြီး ၊ ပါဝင်သည်များ မှာ -

- အန္တရာယ်အလားအလာ ရှိသော သို့မဟုတ် မိမိကိုယ်ကို နာကျင်အောင်ပြုသော သို့မဟုတ် မိမိအသက်ကို လုပ်ကြံသော လူငယ်များအတွက် တစ်ဦး ချင်း ဆွေးနွေးအကြံပေး ခြင်း နှင့် ထောက် ခံပေးခြင်း
- ကျောင်း နှင့် အသိုင်းအဝိုင်းအတွင်း စိတ်ပိုင်း-လူမှုရေးပိုင်း ဆိုင်ရာ ကူညီ ထောက်ပံ့ ပေးခြင်း
- အပန်းဖြေရေး အစီအစဉ်များ
- အိမ်စာ ဆောင်ရွက်သည့် အသင်း

- **ကြိုတင် ၍ မိသားစု အတွင်း တွင် ပါဝင် ဆွေးနွေးအကြံပေး ခြင်း** - မျိုးဆက်ဆိုင်ရာ ပြဿနာများ ၊ ယဉ်ကျေးမှု အသစ်တွင် ကလေးငယ်များအား ထိန်းကျောင်းရေး နှင့် မိရိုးဖလာ အထောက်အပံ့ ပျောက်ဆုံးမှု တို့အား အာရုံစူးစိုက်ထားသည်။
- **ကြိုတင် ၍ လူနေမှု အသိုင်းအဝိုင်းတွင် ပါဝင် ဆွေးနွေးအကြံပေး ခြင်း အစီအစဉ်များ -**

ယဉ်ကျေးမှုအပြောင်းအလဲကြားကာလ ရှိ မိသားစုများ ၊

ပိုမိုခိုင်မာသော မိသားစု တည်ဆောက်ရေး အစီအစဉ်များ၊

- **စောင့်ရှောက်သူများ နှင့် ၎င်းတို့၏ မိသားစုများ အတွက် အထောက်အပံ့ -** တစ်ဦးချင်း နှင့် အသိုင်းအဝိုင်း အခြေခံသည့် လုပ်ရှားဆောင်ရွက်မှုများ အပါအဝင် ဖြစ်သည်။
- **အသိုင်းအဝိုင်း ဖွံ့ဖြိုးရေး** - ဒုက္ခသည် နောက်ခံ အသိုင်းအဝိုင်းများ အတွက် ဖြစ် သည် ။
- **ကျောင်းများ ဖြင့် စွမ်းဆောင်မှု တည်ဆောက်ရေး နှင့် တတ်ကျွမ်းမှု ဆိုင်ရာ လေ့ကျင့်ရေး** - ဒုက္ခသည် နောက်ခံ ကျောင်းသားများ အ တွက် ဖြစ် သည် ။

**QPASTT သည် လူ့အခွင့်အရေးများ ချိုးဖောက်မှု ကို လက် မခံနို င် သော ကြောင့် ညှင်းပန်းနှိပ်စက်မှု ရှုတ်ချပြီး ၊ ၎င် းကိစ္စများကို တိုက်ဖျ က် နေသော ကမ္ဘာတစ်ဝန်း လုံးရှိ အဖွဲ့အစည် း များ နှင့် ပူးပေါင်းပါသည် ။**

**QPASTT သည် ညှင်းပန်းနှိပ်စက်မှု ဒဏ်သင့်ခံရသူများ အတွက် ပြန်လည်ထူထောင်ရေး အပြည်ပြည်ဆိုင်ရာ ကောင်စီ [IRCT] ၏ အဖွဲ့ဝင် တစ်ခု ဖြစ်ပါသည်။**